# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

October 12 , 2023 Volume 71, Number 9

၁၂.၁၀.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၇၉ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၃၀.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၁.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၈၂.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၄၆.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၇၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၃၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၀၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၅.၂၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၉၈၇ ကျပ် |

Source: CBM Rate, etrademyanmar.com

## ရှမ်းပြည်နယ်မှထွက်ရှိသော ထောပတ်သီးများ ထိုင်းနိုင်ငံသို့ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးနှင့်ပတ်သက်သည့် အစည်းအဝေးပြုလုပ်ခြင်း




စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ရှမ်းပြည်နယ်မှ ထွက်ရှိသောထောပတ်သီးများ ထိုင်းနိုင်ငံသို့ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးနှင့်ပတ်သက်သည့် အစည်းအဝေးကို (Virtual System)ဖြင့် (၁၁-၁၀-၂၀၂၃) ရက်နေ့၊ နေ့လည် (၁၂:၃၀)နာရီအချိန်တွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ရုံးအမှတ်(၃)၊ အစည်းအဝေးခန်းမ၌ ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းကုန်သွယ်မှုဌာနခွဲ၊ ညွှန်ကြားရေးမှူး၊ ကုန်သွယ်ရေးဦးစီးဌာန၊ တာချီလိတ်ကုန်သွယ်ရေးစခန်းတာဝန်ခံ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံး၊ တောင်ကြီးမြို့၊ တာဝန်ခံ၊ စီးပွားရေးသံမှူး၊ ထိုင်းနိုင်ငံ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ပြည်တွင်းကုန်သွယ်မှုဌာနခွဲမှ တာဝန်ရှိသူ(၈)ဦး၊ တောင်ကြီးမြို့နှင့် တာချီလိတ်မြို့တို့မှ ထောပတ်သီးစိုက်ပျိုးသူတောင်သူများ၊ ပွဲရုံလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ(၃၀)ဦး၊ စုစုပေါင်း(၄၃)ဦး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားပြီး၊ ရှမ်းပြည်နယ်မှထွက်ရှိသော ထောပတ်သီးများ ထိုင်းနိုင်ငံသို့ တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တင်ပို့မှုအတွက် ကုန်သွယ်မှုနှင့်သက်ဆိုင်သည့်ကိစ္စရပ်များ၊ အခက်အခဲများ၊ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးနှင့် နှစ်နိုင်ငံ MoU ရေးထိုးနိုင်ရေး ဆောင်ရွက်ထားသည့် အခြေအနေများအား သက်ဆိုင်ရာဌာနအလိုက် ရှင်းလင်းဆွေးနွေးပေးခဲ့ပါသည်။ အစည်းအဝေး တက်ရောက်လာသူများမှ သိရှိလိုသည်များအား ရှင်းလင်းဆွေးနွေးခဲ့ပြီး အစည်းအဝေးကို

### CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

(၁၃:၄၅)နာရီအချိန်တွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** https://myantrade.gov.mm/article/Naypyitaw_12102023_1130

## မန္တလေးကုန်စည်ဒိုင် နှမ်းမျိုးစုံဈေးနှုန်းဈေးကွက် အခြေအနေ

မန္တလေးကုန်စည်ဒိုင်သို့ အောက်တိုဘာလ ဒုတိယပတ်အတွင်း နှမ်းမျိုးစုံဈေးကွက်ထဲ ဝင်ရောက်နေပြီး၊ အညာမြစ်ရိုးတစ်လျှောက်မှ နှမ်းနက်အသစ်များ ဝင်ရောက်နေကြောင်း နှမ်းဖြူနှင့်နှမ်းနက်များမှာ တရုတ်ဝယ်လက် အဝယ်သွက်နေကြောင်း၊ နှမ်းညိုကတော့ ဈေးကွက်ထဲတွင် အဝင်များနေပြီး၊ အရောင်းအဝယ်နည်းနေသည့်အတွက် ဈေးဆက်တိုက်ကျဆင်းနေကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှသိရသည်။

**နှမ်းနက်(စမုံ)** ၄၅ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၉၀၀၀၀ မှ ၃၅၀၀၀၀ ၊ ယခင်တစ်ပတ်ကျပ် ၂၈၀၀၀၀ မှ ၃၄၀၀၀၀ ၊ ယခင်လကျပ် ၃၂၅၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ် ထက်ကျပ် ၁၀၀၀၀၊ ယခင်လထက် ၂၅၀၀၀ မြင့်တက်လာသည်။

**နှမ်းဖြူ(ရိုးရိုး)** ၄၅ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၃၅၀၀၀၀ မှ ၃၆၀၀၀၀ ၊ယခင်တစ်ပတ် ကျပ် ၃၄၀၀၀၀ မှ ၃၄၅၀၀၀၊ ယခင်လကျပ် ၃၂၀၀၀၀ မှ ၃၄၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက်ကျပ် ၁၀၀၀၀ မှ ၁၅၀၀၀ ၊ ယခင်လထက်ကျပ် ၂၀၀၀၀ မှ ၃၀၀၀၀ မြင့်တက် လာသည်။

**နှမ်းဖြူ(ဂျပန်)** ၄၅ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၃၇၅၀၀၀ မှ ၃၈၀၀၀၀ ၊ယခင်တစ်ပတ် ကျပ် ၃၆၅၀၀၀ မှ ၃၇၀၀၀၀၊ ယခင်လကျပ် ၃၆၀၀၀၀ မှ ၃၇၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀၀၀ ၊ ယခင်လထက်ကျပ် ၁၀၀၀၀ မှ ၁၅၀၀၀ မြင့်တက်လာသည်။

**နှမ်းညို** ၄၅ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၂၈၀၀၀၀ မှ ၂၈၅၀၀၀ ၊ ယခင် တစ်ပတ်ကျပ် ၂၈၀၀၀၀ မှ ၂၈၅၀၀၀ ၊ ယခင်လကျပ် ၃၀၀၀၀၀ မှ ၃၀၅၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ် အတိုင်းဈေးငြိမ်နေပြီး ၊ ယခင်လထက်ကျပ် ၂၀၀၀၀ နိမ့်ကျလာသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## မန္တလေးကုန်စည်ဒိုင်တွင် စားတော်ပဲဈေးနှုန်းအနည်းငယ် မြင့်တက်လာ

အောက်တိုဘာလ ဒုတိယပတ်အတွင်း မန္တလေးကုန်စည်ဒိုင် ပဲမျိုးစုံဈေးကွက်တွင် စားတော်ပဲများမှာ ယခင်တစ်ပတ်က ဈေးအေးနေရာမှ ယခုတစ်ပတ်တွင် ဈေးအနည်းငယ်မြင့်တက်လာသည်။ စားတော်ပဲကို ပြည်ပကနေလည်း တင်သွင်းနေတာဖြစ်ပြီး၊ ပြည်တွင်းစားတော်ပဲတွေက လက်ကျန်နည်း၍ဝယ်ယူမှုရှိသောကြောင့် ဈေးမြင့်လာကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှသိရသည်။

**စားတော်ပဲ(ကနေဒါ)** ၅၆.၂၅ပိဿာဝင် သုံးတင်းဝင်တစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၂၁၇၀၀၀ မှ ၂၁၈၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၁၃၀၀၀ မှ ၂၁၅၀၀၀ ၊ ယခင်လ ကျပ် ၂၁၂၀၀၀ မှ ၂၁၅၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက်ကျပ် ၃၀၀၀ မှ ၄၀၀၀၊ ယခင်လထက် ကျပ် ၃၀၀၀ မှ ၅၀၀၀ မြင့်တက်လာသည်။

**စားတော်ပဲ(ကျွန်း)** ၅၆.၂၅ပိဿာဝင် သုံးတင်းဝင်တစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၃၆၀၀၀၀ မှ ၃၈၀၀၀၀၊ ယခင်တစ်ပတ် ကျပ် ၃၀၀၀၀၀ မှ ၃၆၀၀၀၀ ၊ ယခင်လ ကျပ် ၃၇၀၀၀၀ မှ ၃၉၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၀၀၀၀ မှ ၆၀၀၀၀ ၊ ယခင်လထက် ကျပ် ၁၀၀၀၀ နိမ့်ကျလာသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ဖျာပုံမြို့နယ်မှ ရန်ကုန်မြို့သို့ စက်တင်ဘာလအတွင်း ငါးတန်ပိဿာချိန် ၉၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်မြို့သို့ စက်တင်ဘာလအတွင်း ငါးတန်ပိဿာချိန် ၉၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခက်ခက်ဝင်းက ပြောပြ၍သိရသည်။

ဖျာပုံမြို့နယ်မှ ငါးတန်များကို ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိရာ ဖျာပုံမြို့နယ်မှ ရန်ကုန်မြို့သို့ ဩဂုတ်လအတွင်းက ငါးတန်ပိဿာချိန် ၅၉၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလ ၁ ရက်မှ ၃၀ ရက်ထိ ပိဿာချိန် ၉၉၀၀၀ ထိတင်ပို့ရောင်းချခဲ့ရကြောင်းသိရသည်။ "စက်တင်ဘာလအတွင်း ငါးတန်ပိဿာချိန် တစ်သိန်းလောက်ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ စက်တင်ဘာလအတွင်းမှာ ဩဂုတ်လကနဲ့စာရင် ငါးတန်ပိဿာချိန် ၄၀၀၀၀ ထိ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ဖျာပုံမြို့နယ်ကထွက်တဲ့ ရေထွက်ကုန်မှန်သမျှကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချလျက်ရှိပါတယ်။ ရန်ကုန်ဘက်က စက်တင်ဘာလအတွင်းကော၊ အခုလက်ရှိကော ရေထွက်ကုန်တွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ငါးတန်က ပြည်တွင်းဈေးကွက်မှာကို အရောင်းအဝယ်သွက်နေပါတယ်။ တင်ပို့အားကောင်းလာတော့ ငါးတန်လုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေလာပါတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခက်ခက်ဝင်းက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချခဲ့သည့် ငါးတန်ပိဿာချိန် ၁၀ လျှင် ငွေကျပ် ၈၅၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါငါးတန်များကို ရန်ကုန်မြို့သို့ ပိုမိုတင်ပို့ရောင်းချနေရခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်များ၊ ငါးရောင်းဝယ်ရေးကုန်သည်များ၊ ငါးကန်လုပ်သားများ၊ ကုန်တင်ကားအငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်းသိရသည်။

**Source: ရတနာပုံသတင်းစာ**

## ရေစကြိုမြို့နယ်အတွင်း မိုးစိုက် (ခေါ်) ဥစိုက်ကြက်သွန်နီများ စိုက်ပျိုးလျက်ရှိ



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်အတွင်း ချင်းတွင်းမြစ်၏ အနောက်ဘက်ကမ်းရှိ ကုန်းတလင်း၊ ဇီးကုန်း၊ ဇီးကုန်းကျွန်း၊ သူဌေးကုန်းနှင့် ကန်ဒေါင့်ကျေးရွာများတွင် စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် မိုးစိုက် (ခေါ်) ဥစိုက်ကြက်သွန်နီများ အများအပြား စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မျိုးဥများအနေဖြင့် ဒေသခေါ် (ကျမ်းကျွံ) ဥသေးများနှင့် (ဇော်မွှား) မျိုးဥများကို စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် တစ်ကေလျှင် မျိုးဥ(၃၀၀ မှ ၃၅၀) ပိဿာခန့်စိုက်ပျိုးရပြီး၊ မျိုးဥအရွယ်အစားအကြီး၊ အသေးပေါ်မူတည်၍ တစ်ကေစိုက်ပျိုးရာတွင် သုံးစွဲရသည့်ပိဿာများ ကွာခြားမှုရှိကြောင်း၊ တစ်ကေကုန်ကျစရိတ်အနေဖြင့် ကျပ် (၂,၅၀၀,၀၀၀) ခန့် ကုန်ကျကြောင်း၊ ရာသီဥတုကောင်းမွန်ပြီး ခန့်မှန်းအထွက်နှုန်းအတိုင်း ထွက်ရှိမည်ဆိုပါက တောင်သူများအနေဖြင့် အကျိုးအမြတ်များရရှိနိုင်မည်ဖြစ်ကြောင်း ကုန်းတလင်းကျေးရွာမှ ကြက်သွန်စိုက်ပျိုးတောင်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**Source: https://commerce.gov.mm**

## မကွေးကုန်စည်ဒိုင်၏ နှမ်းဈေးနှုန်းဈေးကွက်အခြေအနေ

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးကုန်စည်ဒိုင်သို့ နှမ်းနှင့်ပဲမျိုးစုံသီးနှံများကို မကွေးမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ရေနံချောင်း၊ နတ်မောက်မြို့များအပြင် မင်းဘူးမြို့နယ်ရှိ ကျေးရွာများမှလည်း လာရောက်ရောင်းချကြသည်။

အရောင်းအဝယ်ဖြစ်သည့် နှမ်းဈေးနှုန်းများအနေဖြင့် နှမ်းဖြူ တစ်ပိဿာလျှင် စက်တင်ဘာလ(နောက်ဆုံးပတ်) တွင် ကျပ် (၈၃၃၀)၊ အောက်တိုဘာလ (ပထမပတ်)တွင် ကျပ် (၇၉၃၀) ဖြစ်ပြီး တစ်ရက်လျှင်(၄၅)ပိဿာဝင် အိတ်ဖြင့် အိတ်ရေ (၈၀၀) ခန့် အရောင်းအဝယ်ရှိခဲ့ကြောင်း သိရသည်။

နှမ်းနီတစ်ပိဿာလျှင် စက်တင်ဘာလ(နောက်ဆုံးပတ်)တွင် ကျပ်(၇၃၃၀)၊ အောက်တိုဘာလ (ပထမပတ်)တွင် ကျပ် (၇၂၀၀) ဖြစ်ပြီး တစ်ရက်လျှင် (၄၅) ပိဿာဝင် အိတ်ဖြင့် အိတ်ရေ (၂၀၀) ခန့် အရောင်းအဝယ်ရှိခဲ့ကြောင်း သိရသည်။ အောက်တိုဘာလ(ပထမပတ်)တွင် နှမ်းနက် (စမုံ) တစ်ပိဿာလျှင် ကျပ် (၇၆၇၀)၊ နှမ်းနက် (ရိုးရိုး) တစ်ပိဿာလျှင် ကျပ် (၇၁၃၀)၊ နှမ်းညိုကြား (၁) ပိဿာလျှင် ကျပ် (၆၆၇၀) ဖြစ်ရာ စက်တင်ဘာလ(နောက်ဆုံးပတ်)အတိုင်း ဈေးနှုန်းများ

တည်ငြိမ်နေပြီး တစ်ရက်လျှင် (၄၅) ပိဿာဝင်အိတ်ဖြင့် နှမ်းနက် (စမုံ) အိတ်ရေ (၄၀၀) ခန့်၊ နှမ်းနက် (ရိုးရိုး) အိတ်ရေ (၁၆၀) အိတ်ခန့်၊ နှမ်းညိုကြား အိတ်ရေ (၁၀၀) ခန့် အရောင်းအဝယ်ရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် မန္တလေးသို့ နှမ်း (၆၀၀၀) အိတ်နှင့် ရန်ကုန်သို့ နှမ်း (၄၉၀) အိတ်၊ စုစုပေါင်းအိတ်ရေ (၆၄၉၀) အိတ်တင်ပို့ခဲ့ကြောင်း သိရသည်။

**Source: DOCA (မကွေး)**

https://www.commerce.gov.mm/my/article/update-news-local-trade/%E1%80%99%E1%80%80%E1%80%BD%E1%80%B1%E1%80%B8%E1%80%80%

## တရုတ်နိုင်ငံသို့တင်ပို့မည့် ထိုင်းဘဲအစိတ်အပိုင်းများ (Duck parts) နှင့်စပ်လျဉ်းသည့် ပို့ကုန်လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ခြင်းအပေါ် ထိုင်းနိုင်ငံအစိုးရအဖွဲ့က ခွင့်ပြုခဲ့

တရုတ်နိုင်ငံသို့တင်ပို့မည့် ဘဲအစိတ်အပိုင်းများ ၁၈ ခုနှင့်စပ်လျဉ်းသည့် ထိုင်းစိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီးဌာနနှင့် တရုတ်အကောက်ခွန်ရုံးတို့အကြား စစ်ဆေးရေးသတ်မှတ်ချက်များ၊ ကန့်သတ်ထားရှိမှုနှင့် တိရစ္ဆာန်ကျန်းမာရေးစသည့် ပို့ကုန်လုပ်ထုံးလုပ်နည်းများ ပြင်ဆင်သည့်စာချုပ်ကို ထိုင်းနိုင်ငံအစိုးရအဖွဲ့က ၁၀-၁၀-၂၀၂၃ ရက်နေ့က ခွင့်ပြုခဲ့ပါကြောင်း၊ ယင်းပြင်ဆင်ချက်ပြီးသည့် ပထမနှစ်အတွင်း ဘဲပို့ကုန်တန်ဖိုးသည် ဘတ် ၁ ဘီလီယံ ရောက်ရှိရန်မျှော်မှန်းထားပါကြောင်း အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ Mr. Chai Wacharonke က ပြောကြားခဲ့ပါသည်။

အဆိုပါစာချုပ်ကို တရုတ်ဝန်ကြီးချုပ်၏ အောက်တိုဘာလ ၁၇-၂၀ ကြား လာရောက်မည့် ခရီးစဉ်အတွင်း လက်မှတ်ရေးထိုးနိုင်ရေး မျှော်မှန်းထားပါကြောင်း၊ လက်မှတ်ရေးထိုးပြီးနောက် ချက်ချင်းအသက်ဝင်မည်ဖြစ်ကြောင်း၊ ဘဲအစိတ်အပိုင်း ၁၈ ခုမှာ ခြေထောက်၊ တောင်ပံ၊ တောင်ပံလယ်၊ တောင်ပံဖျား၊ တောင်ပံအပေါ်ပိုင်း၊ အသည်း၊ လည်ပင်း၊ gizzards၊ နှလုံး၊ ကျောက်ကပ်၊ လျှာ၊ ခေါင်း၊ နှုတ်သီး၊ အရိုး၊ အရိုးနု၊ အရွတ်၊ အဆီနှင့် အရေပြားတို့ဖြစ်ကြောင်း၊ တရုတ်အကောက်ခွန်ရုံးကလည်း ကုန်စည်စာရင်းထပ်တိုးခြင်းကိုလည်း ခွင့်ပြုခဲ့ပါကြောင်း ၎င်းက ဆက်လက်ပြောကြားပါသည်။

ထိုင်းနိုင်ငံ စိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီးဌာနအနေဖြင့် ၂၀၁၈ ခုနှစ် စာချုပ်၏ နောက်ဆက် တွဲ-၂ ကို ပြင်ဆင်ရမည်ဖြစ်ကြောင်း၊ အေးခဲကြက်သားကုန်စည်ကို ပြင်ဆင်ရန်မလိုအပ်ပါကြောင်း၊ ယင်းစာချုပ်သည် ထိုင်းနိုင်ငံ၏ တိရစ္ဆာန်ပို့ကုန်တန်ဖိုး မြင့်တက်စေမည့် ကုန်သွယ်ရေး ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကိုဖန်တီးပေးခြင်းနှင့် ဈေးကွက်ချဲ့ထွင်ခြင်းဖြင့် ဘဲနှင့် ဘဲအစိတ်အပိုင်းများ ပို့ကုန်ကိုတိုးမြင့်စေမည်ဖြစ်ကြောင်း၊ ယခင်က ကြက်သားနှင့်အေးခဲကြက်အစိတ်အပိုင်းများကို တင်ပို့ခဲ့ရပြီး ဘတ် ၁၃ ဘီလီယံဖြစ်ပါကြောင်း၊ ကြက်ခြေထောက်သည် တရုတ်ဈေးကွက်တွင် လူကြိုက်များပြီး ဝယ်လိုအားနိုင်မာသောကြောင့် ပြတ်လပ်မှုများပင်ဖြစ်ပါကြောင်း Mr. Chai က ဖြည့်စွက်ပြောကြား ပါသည်။

တရုတ်တွင် ဘဲအစိတ်အပိုင်းများကို ဝယ်လိုအားမြင့်တက်နေသဖြင့် ဘဲအစိတ်အပိုင်းများ တင်သွင်းခွင့်ကို ခွင့်ပြုပေးခြင်းဖြစ်ကြောင်း၊ ဆက်လက်၍ ပျားထုတ်ကုန်များ တရုတ်နိုင်ငံသို့တင်ပို့နိုင်ရေး စာချုပ်လက်မှတ်ရေးထိုးရန်လည်း ထိုင်းအစိုးရအဖွဲ့က ခွင့်ပြုခဲ့ပါကြောင်း Mr. Chai က ဆက်လက်ပြောကြားပါသည်။

**Source: www.bangkokpost. gov**

**(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

https://myantrade.gov.mm/article/Naypyitawstp_12102023

## ဘရာဇီးနိုင်ငံမှ တရုတ်နိုင်ငံသို့ ကော်ဖီတင်ပို့မှု ယခုနှစ်တွင် နှစ်ဆကျော်မြင့်တက်လာ



ဘရာဇီးနိုင်ငံမှ တရုတ်နိုင်ငံသို့ ကော်ဖီတင်ပို့ရောင်းချမှုသည့် ယခုနှစ် ပထမကိုးလအတွင်း တစ်နှစ်ထက်တစ်နှစ် ၁၃၂ ဒသမ ၄၈ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ကော်ဖီတင်ပို့သူများကောင်စီက အောက်တိုဘာလ ၁၀ ရက်တွင် ပြောသည်။

ဘရာဇီးနိုင်ငံသည် တရုတ်နိုင်ငံသို့ ကော်ဖီတင်ပို့မှုတွင် ယခင်နှစ်က ၆၀ ကီလိုဂရမ်ရှိသည့် ကော်ဖီအိတ် ၂၈၇၈၈၉ အိတ်သာ တင်ပို့နိုင်ခဲ့ရာမှ ယခုနှစ်တွင် ၆၆၉၂၉၂ အိတ် တင်ပို့နိုင်ခဲ့ကြောင်း ကော်ဖီတင်ပို့သူများ ကောင်စီ၏ ထုတ်ပြန်ချက်အရ သိရသည်။

၂၀၂၃ ခုနှစ် စက်တင်ဘာလအထိ ဘရာဇီးနိုင်ငံ၏ ထိပ်တန်း ကုန်သွယ်ဖက်နိုင်ငံများအနက် တရုတ်နိုင်ငံသည် ထိပ်တန်းနိုင်ငံအဖြစ် ဆက်လက်ရပ်တည်နေကြောင်း အဆိုပါအဖွဲ့က ပြောသည်။

**Source: မြန်မာ့အလင်းသတင်းစာ**

**Myantrade.gov.mm**

## STOCK EXCHANGE (12.10.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 12th Oct. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,118 (Shares) | 9,712,800 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +0 | +0.00% | 9,000 | 9,000 | 9,000 | 0 | 0 | 33,109,694 | 297,987 |
| MTSH | 00002 | 3,000 | -50 | -1.64% | 3,000 | 3,050 | 3,000 | 303 | 909,100 | 38,929,150 | 116,788 |
| MCB | 00003 | 7,600 | +0 | +0.00% | 7,600 | 7,600 | 7,600 | 2 | 15,200 | 10,400,986 | 79,048 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 292 | 492,200 | 29,664,613 | 50,430 |
| TMH | 00005 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 0 | 0 | 12,823,224 | 32,699 |
| EFR | 00006 | 2,200 | +0 | +0.00% | 2,150 | 2,200 | 2,100 | 511 | 1,080,300 | 19,977,223 | 43,950 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,900 | 4,900 | 4,800 | 1,196 | 5,750,800 | 10,497,598 | 50,389 |
| MAEX | 00008 | 1,800 | -50 | -2.70% | 1,800 | 1,800 | 1,800 | 814 | 1,465,200 | 23,804,946 | 42,849 |

STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 12th Oct. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 378.62 | -1.66 | -0.44% | 378.72 | 379.17 | 377.33 | 3,118 | 9,712,800 | 8 | 714,140 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 12th Oct. 2023

| Trading Volume | Trading Value |
|---|---|
| 3,118 (Shares) | 9,712,800 (MMK) |

## Main Board

As of 1:00 pm, 12th Oct. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,118 (Shares) | 9,712,800 (MMK) |

| MYANPIX | 378.62 |
|---|---|
| | ▼ 1.66 |
| Total Volume (shares) | 3,118 |
| Total Value (MMK) | 10 mil |
| Listed Company | 8 |
| Market Cap. (MMK) | 714,140 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 0 |
| MTSH | 00002 | 3,000 | ▼ 50 |
| MCB | 00003 | 7,600 | ▲ 0 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,550 | ▲ 0 |
| EFR | 00006 | 2,200 | ▲ 0 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 1,800 | ▼ 50 |